# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၄-၂-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ပြည်ပသို့ တရားမဝင်ငွေလွှဲ ဝန်ဆောင်မှု (Hondi) နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပြည်ပသို့ တရားဝင်ငွေလွှဲခွင့်ပြုထားသည့် ဘဏ် အရေအတွက်နှင့် နိုင်ငံသား (၁) ဦးလျှင် တရားဝင်ငွေလွှဲခွင့် ပြုထားသည့် စုစုပေါင်း ငွေကြေးပမာဏအား သိလိုခြင်း၊ ပြည်ပသို့ တရားမဝင် ငွေကြေး လွှဲပြောင်းခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာအနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းခြင်းကြောင့် နိုင်ငံအပေါ် ဖြစ်ပေါ်လာသည့် အကျိုးဆက်တို့ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) တို့အနေဖြင့် မည်သည့်မြို့နယ်များကို တာဝန်ယူလုပ်ကိုင်ပြီး မည်သည့်မြို့နယ်များကို Franchiseတာဝန်ပေးအပ် လုပ်ကိုင်နေသည်ကို သိလိုခြင်း၊ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် Franchise၊ YESC နှင့် MESC တို့၏ တာဝန်ယူလုပ်ကိုင်နေသော ဓာတ်အားပျောက်ဆုံးမှု အခြေအနေစာရင်းများကို သိလိုခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှု များရှိနေခြင်းကြောင့် နိုင်ငံတော်ပြည်သူ့ဘဏ္ဍာငွေများ နစ်နာမှုများ ဖြစ်ပေါ်နေ၍ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးပုံ့နှံ့စွာ ရရှိစေရန် မြို့နယ်နှင့် ဆက်သွယ်သည့် ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်၊ မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီး ကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက်အခဲရှိနေသောကြောင့် လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း–ပခုက္ကူ ရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲ ဆောင်ရွက်ထားမှု အခြေအနေအား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေး ဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း အဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံ မပြိုကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ်တည်ဆောက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က **“ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ၄ မြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ် (၆) မြို့နယ်တွင် တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလ တစ်ခုအထိ ရည်ရွယ်၍ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ခ) ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဂ) ဗိုလ်မှူးဇင်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် **“ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။